## လူရေးလူစ ဇာတ်ပြ

အမေ – 'ကျွန်မတို့သား နိုင်ငံရေးသမား ဖြစ်လာမယ်လို့ ရှင်ကဘာကြောင့် ထင်နေတာလဲ'

အဖေ – 'ဒီကောင်က ငါတို့ရပ်ကွက်ထဲက တခြားက လေးတွေနဲ့မတူဘူးကွ။ သူက တခြားကလေး တွေထက် ကောင်းတာတွေကို ပိုပြောတယ်။ ဒါပေမဲ့ သူပြောတဲ့ကောင်းတာတွေက ဘာတစ်ခုမှအဓိပ္ပာယ်မရှိဘူးလေ။

❑

## မီအောင်လိုက်နေပါတယ်

အမေရိကန်အကြောင်းကို ဆရာမက အိုင်ဗင်လေးအား ပြောပြခိုင်း၏။ ထိုအခါ အိုင်ဗင်လေးက–

'အမေရိကန်ဆိုတာ တိုင်းပြည်တစ်ပြည်ပါ။ အဲဒီတိုင်းပြည်မှာ ငွေရှင်ကြီးများက ခေါင်းပုံဖြတ်ကြလွန်းလို့ အလုပ်သမားတွေ တော်သေရမယ့် ကိန်းဆိုက်နေပါတယ်'ဟု ပြောပြလိုက်ရာ ဆရာမက–

'မင်းသိပ်တော်တယ်၊ ကဲ ရုရှားရဲ့ ၇ နှစ်စီမံကိန်းရဲ့ ရည်ရွယ်ချက်ကိုရော မင်းသိသလား။ သိရင်ပြောပါဦး'

သည်တွင် အိုင်ဗင်လေး မဆိုင်းမတွ ဖြေလိုက်ပုံက–

'အမေရိကန်တွေကို အမီလိုက်နိုင်ရေးပါဆရာမ'ဟူ၏။